ယင်းမာပင်မြို့နယ် ယမားချောင်းတောင်ဘက်ခြမ်းမှာရှိတဲ့ နံ့ကြီးကျေးရွာအပါအဝင် ပတ်ဝန်းကျင်ရွာတွေဘက်မှာ စစ်ကောင်စီတပ်တွေ စစ်ရေးလှုပ်ရှားနေတဲ့အတွက် ဒေသခံရွာသားတွေ ဘေးလွတ်ရာကို ပြေးလွှားနေကြရပါတယ်။ ထွက်ပြေး ပုန်းရှောင်နေကြရတဲ့ ဒုက္ခသည်တွေဟာ စားရေးသောက်ရေး ခက်ခဲတဲ့အပြင် လက်ရှိအချိန်မှာ ပူပြင်းတဲ့ ရာသီဥတုဒဏ်ကြောင့် အများစုက နားစေး၊ ချောင်းဆိုတာ ဖျားတာနာတာ ခံစားနေကြရတယ်လို့ ကိုယ်တိုင်ထွက်ပြေးနေရတဲ့ နံ့ကြီးရွာခံတဦးက ဗွီအိုအေကို ပြောပါတယ်။

Act 1 "ကျန်းမာရေးအခြေအနေက အိုမီခရွန်ကလည်း လူတိုင်းနီးပါးလောက် ဖျားနေကြတယ်ဗျာ။ ရာသီဥတုပူပြင်းပြီးတော့ အသက်ကြီးရွယ်အိုတွေ နာမကျန်းဖြစ်တဲ့လူတွေပါ အပါအဝင်ပေါ့နော်ဗျာ အများကြီးပါ၊ အဲ့လိုလူတွေ ပြေးလွှားနေကြရတာ၊ အစားအသောက်ကလည်း အချိန်မလိုစား၊ အချိန်မလိုအိပ်ပေါ့ဗျာ၊ တောထဲမယ် လွတ်မယ်ထင်တဲ့နေရာတွေကို (စစ်ကောင်စီက)တောင်ဘက်က ရွာကို ဝင်ရင် မြောက်ဖက်ကိုပြေး၊ မြောက်ဖက်ရွာဝင်ပြီးဆိုရင် တောင်ဘက်ကိုပြေးပေါ့ဗျာ။ ကျီလန့်စာစားဖြစ်နေကြတဲ့ အခြေအနေမျိုးနဲ့ ပြေးနေကြရတာဗျ။"

မတ်လ ၁၂ ရက်နေ့က အင်အားရာချီပါတဲ့ စစ်ကောင်စီတပ်တွေဟာ နံ့ကြီးကျေးရွာနဲ့ မနီးမဝေးဖြစ်တဲ့ ရွာတောင်ကျေးရွာဘက်ကို လက်နက်ကြီးတွေနဲ့ ပစ်ခတ်ဝင်လာချိန်မှာ လက်နက်ကြီးကျည်ထိမှန်လို့ ဒေသခံတဦး သေဆုံးသွားတယ်လို့လည်း ပြောပါတယ်။ ဒီအခြေအနေတွေကြောင့် ရွာတောင်ကျေးရွာ၊ နံ့ကြီးကျေးရွာစတဲ့ ပတ်ဝန်းကျင်ရွာ ၁၃ ရွာထက်မနည်းက သောင်းနဲ့ချီတဲ့ ဒေသခံတွေ ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။

Act 2 "ပြေးရတဲ့ ရွာတွေက ကျနော်တို့ ကျေးရွာတွေဆိုရင် ကွဲ့ကျ၊ ညောင်နှန်း၊ မတ်ထောက်၊ ပေါက်ပန်းဖြူ၊ ကုန်းရွာ၊ ချောင်းဆုံ၊ ရုံလေးပင်၊ ကဆောပြင်၊ မြို့ပေါ်၊ ပြောင်းပြာ၊ လက်လုပ်၊ နံ့ကြီး၊ ရွာတောင် ၄ရွာ ပြေးရတဲ့ ရွာတွေက၊ ကျနော်တို့ အိမ်ခြေ ၂,၀၀၀ ဝန်းကျင်လောက်က ပြေးရတယ်ဆိုက အများဆုံး ၁၀,၀၀၀ ကျော်လောက်က ရှိမှာပေါ့ဗျာ ပြေးနေကြရတာ။"

မတ် ၈ ရက်နေ့တုန်းကလည်း ယင်းမာပင်မြို့နယ် ယမားချောင်းမြောက်ခြမ်းက လက်ပံတောကျေးရွာဘက်ကို စစ်ကောင်စီတပ်က လက်နက်ကြီးတွေနဲ့ ပစ်ခတ်လို့ အရပ်သားပြည်သူ ၁၁ ဦးထက်မနည်း သေဆုံးသွားတယ်လို့ ဒေသခံတွေက ဗွီအိုအေကို ပြောထားပါတယ်။

ဒါကြောင့် လက်ပံတောကျေးရွာ၊ ကံသာရွာ၊ ရှမ်းရွာနဲ့ ပတ်ဝန်းကျင်ကလည်း အိုးအိမ်စွန့်ခွာ ဘေးလွတ်ရာကို ပြေးလွှားခဲ့ကြရပါတယ်။ အခုရက်ပိုင်းမှာတော့ အဲဒီဘက် အခြေအနေတည်ငြိမ်လာလို့

တချို့စစ်ပြေးဒေသခံတွေ နေရပ်ကိုပြန်လာတဲ့ သူရှိသလို မပြန်ရဲသေးသူတွေလည်း ရှိနေပါတယ်။ ရာသီဥတုပူပြင်းလို့ တောတောင်တွေထဲ ကြာကြာမနေနိုင်တဲ့အတွက် ဒေသအခြေအနေ တည်ငြိမ်တာနဲ့ နေရပ်ပြန်ချင်ကြတာဖြစ်တယ်လို့ ကံသာရွာခံတဦးက ပြောပြပါတယ်။

Act 3 "သူတို့ရဲ့ ကျန်းမာရေးအခြေအနေကလည်း အခြေအနေမကောင်းဘူးဗျ၊ ဘာလို့လဲဆိုတော့ အခုက နေရာလည်း တရက်နဲ့ တရက် အပူချိန်တွေလည်း ပြင်းလာတယ်။ အမိုးအကာမရှိတဲ့နေရာဒေသလေးတွေမှာ မိုးကာခင်းပြီး အိပ်ကြရတယ်ဆိုတာကျတော့ အဲ့ရာသီဥတုဒဏ်ကို မခံနိုင်လို့ ပြန်လာတဲ့ လူတွေလည်း ရှိတယ်ဗျ။ လာတော့မလာချင်ကြဘူး၊ ညညဆိုခြောက်ချားတယ် နေရထိုင်ရတာ အဲ့လိုပေါ့။ ကျနော်တို့ ကံသာတို့ လက်ပံတောတို့ ရှမ်းရွာတို့ကတော့ ပြန်လာကြပြီးဗျ။ ဟိုဘက် ရွာသာတို့ ပြန်လှည့်တို့ ဒီပြင်ရွာတွေကတော့ အခုမှပြေးတုန်းလွှားတုန်းပဲ ရှိသေးတယ်ဗျ။"

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်ထဲမှာ စစ်ကောင်စီတပ်တွေ အင်အားတိုးမြှင့်ပြီး နယ်တခွင် နယ်မြေရှင်းလင်းနေတာဖြစ်တယ်လို့ ဒေသခံတွေက ပြောပါတယ်။ လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်ခတ်ပြီး တရွာဝင် တရွာထွက် စစ်ရေးလှုပ်ရှားနေတာကြောင့် ဒေသခံတွေ ပြေးလွှားနေရတာလို့ ကံသာရွာခံတဦးက ပြောပါတယ်။

Act 4 "တရွာဝင် တရွာထွက်ပေါ့၊ သူတို့လမ်းကြောင်းကတော့ ဘယ်လိုရှိလဲဆိုတာ ကျနော်တို့က မသိနိုင်ဘူးလေ။ သူက အဝေးကနေပြီးတော့ သူတို့ ဦးတည်ရာလမ်းကြောင်းကို လက်နက်ကြီးလို့ ယူဆရတဲ့ ဟာတွေနဲ့ အသံတွေနဲ့ အုန်း…အုန်း…အုန်း…ဒိုင်း…ဒိုင်းကြီးနဲ့လည်း လှမ်းပစ်တယ်။ သူတို့အဲ့ပစ်တဲ့နေရာက ဘုန်းကြီးကျောင်းတို့ အဆောက်အဦးခိုင်ခိုင်မာမာရှိတဲ့ အရပ်ဒေသတွေကို လက်နက်ကြီးနဲ့ အရင်လှမ်းပစ်တယ်။ အဲ့ဒီထဲကို လူရှင်းတဲ့ သဘောနေမှာပေါ့ဗျာ။ အဲ့လိုပစ်ပြီးတော့မှ လက်နက်ငယ်အသံတွေ ကြားရတယ်၊ အဲ့လိုတွေနဲ့ ဝင်လာတာပဲဗျ။"

အခုလို စစ်ကိုင်းတိုင်း ယင်းမာပင်နယ်ထဲမှာ စစ်တပ်က နယ်မြေရှင်းလင်းမှုတွေလုပ်နေသလို စစ်ကိုင်းတိုင်းထဲက ပြည်သူ့ကာကွယ်ရေးတပ်တွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေလည်း တိုးလာနေပါတယ်။ နယ်မြေရှင်းလင်းမှုတွေ၊ တိုက်ပွဲတွေကြောင့် ဒေသခံရွာသားအများအပြား ဘေးလွတ်ရာပြေးနေကြရဆဲဖြစ်ပါတယ်။

https://burmese.voanews.com/a/myanmar-violence-yinmarbin/6485836.html

-----------------------------------------------------------------------------------------------------

## ခင်ဦးမြို့နယ်၌ ၁၅ ရက်အတွင်း စစ်တပ်က နေအိမ် ၁၀၀ ကျော် မီးရှို့၊ ပြည်သူ ၃ ဦးကို သတ်ဖြတ်

Published By DVB | 15 March, 2022



စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်ထဲ မတ် ၅ ရက်ကနေ ၁၅ ရက်အထိ စစ်ကောင်စီတပ်တွေ မီးရှို့ခဲ့တာကြောင့် ကျေးရွာ ၄ ရွာက ပြည်သူတွေရဲ့နေအိမ် ၁၀၀ ကျော် ဆုံးရှုံးခဲ့ရပြီး ပြည်သူ ၃ ဦးအသတ်ခံရကာ PDF ရဲဘော် ၁၅ ဦး ကျဆုံးခဲ့တယ်လို့ ဒေသခံ စစ်ဘေးရှောင်ကူညီကယ်ဆယ်ရေးပရဟိတသမားတွေက ပြောပါတယ်။

အခုလို စစ်ကောင်စီက ကျေးရွာအတွင်း နေအိမ်မီးရှို့တာတွေ လုပ်ဆောင်ခဲ့တာကြောင့် ဒေသခံပြည်သူတွေ နေထိုင်ရေး အလွန်အမင်း ဒုက္ခရောက်နေကြရတယ်လို့ သိရပါတယ်။

ဒါန်းကုန်ရွာက နေအိမ် ၄၃ လုံး၊ မှန်တောရွာက နေအိမ် ၃၈ လုံး၊ ကျွန်းလယ်ရွာက နေအိမ် ၂ လုံး၊ ယာစောင့်တဲ ၅ လုံး၊ သက်ပေးရွာက နေအိမ် ၁၃ လုံး မီးရှို့ခံခဲ့ရတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

“ခုဆို အဲဒီရွာက လူတွေ အတော်လေးဒုက္ခရောက်နေကြတယ်။ နွေရာသီဆိုတော့ သောက်သုံးရေတွေ၊ အမိုးအကာတွေ အရေးပေါ်တော့ လိုအပ်နေတယ်ဗျ။ ဒီကောင်တွေက နေအိမ်ပါမကဘူး ပြည်သူတွေလည်း သတ်ဖြတ်ခဲ့တယ်။”

ပြည်သူတွေဖြစ်တဲ့ ကိုသန်းငွေ၊ ကိုမျိုးကျော်နဲ့ ဦးကျွဲတို့ အသတ်ခံရပြီး သိမ်တော်ရွာနားတိုက်ပွဲမှာ ကျဆုံးခဲ့တဲ့ ခင်ဦးပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင်တွေကတော့  အသက် ၁၇ နှစ်ကနေ ၆၃ နှစ်အရွယ်တွေဖြစ်တဲ့ မောင်စည်သူနိုင်၊ မောင်ဖြိုးနန်း၊ မောင်သက်မျိုးနိုင်၊ မောင်ပြည့်ဖြိုးအောင်၊ မောင်စောလင်းမောင်၊ မောင်ဇော်ထက်၊ မောင်ဝေယံမြင့်လွင်၊ မောင်အောင်ငြိမ်း၊  မောင်ဝင်းဋ္ဌေး၊ မောင်ဖိုးစိုး(ခ)ဝင်းမြအောင်၊ ဦးခင်မောင်တိုး၊ ဦးအောင်ဇော်မိုး၊ ဦးအောင်နိုင်၊ ဦးဘိုဝင်းနဲ့ ဦးစိုးတင့်တို့ ဖြစ်ပါတယ်။

ခင်ဦးမြို့နယ်အတွင်း စစ်ကောင်စီ ခလရ ၇၇ တပ်ရင်းက အင်အား ၂၀၀ လောက်ဟာ နေအိမ်တွေနဲ့ ပြည်သူတွေကို မီးရှို့သတ်ဖြတ်ပြီး ကျေးရွာတွေကို အဖွဲ့ခွဲစစ်ကြောင်း ထိုးနေတာကြောင့် ကျေးရွာ ၂၀ လောက်က ပြည်သူတွေ စစ်ဘေးရှောင်နေကြရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

https://burmese.dvb.no/archives/522296

----------------------------------------------------------------------------------------------------

## မင်းကင်းရှိ စစ်ရှောင်တဲငယ်များကို စစ်တပ်က လိုက်လံမီးရှို့ ရာမှ တိုက်ပွဲဖြစ်

Published By DVB | 15 March, 2022



စစ်ကိုင်းတိုင်း ကလေးခရိုင် မင်းကင်းမြို့နယ်မှာ စစ်ကောင်စီတပ်က နေစရာအိမ်မရှိတော့တဲ့ ပြည်သူတွေရဲ့ ယာယီ စစ်ရှောင်တဲအိမ်ငယ်တွေထိ လိုက်လံမီးရှို့နေတာကြောင့် စစ်ကောင်စီတပ်နဲ့ PDF ပူးပေါင်းအဖွဲ့တွေ တိုက်ပွဲဖြစ်ပွားခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

စစ်ကောင်စီအဖွဲ့ မီးရှို့မှုကြောင့် ရွာထဲမှာ နေစရာအိမ်မရှိတော့လို့ တောထဲမှာ ဖြစ်သလို တည်ဆောက်ထားရတဲ့ တည်းခိုစရာ အဆောက်အဦငယ်လေးတွေ ထပ်မံမီးရှို့ခံရတာလို့ ဆိုပါတယ်။

ကူလဲကျေးရွာအနီးမှာ မတ် ၁၄ ရက် မနက် ၁၀ နာရီလောက် တစ်ကြိမ်နဲ့ မတ် ၁၅ ရက် မနက် ၇ နာရီလောက်မှာ တိုက်ပွဲဖြစ်ပွားခဲ့တာလို့ ဒေသခံတွေက ပြောပါတယ်။

ရွာထဲက အိမ်တွေ နေစရာမရှိတော့လို့ တောထဲမှာ စစ်ရှောင်ရင်းနေရတဲ့ ပြည်သူတွေ တည်းခိုနေရာတွေအထိ စစ်ကောင်စီတပ်နဲ့ ပျူစောထီးအဖွဲ့တွေက လိုက်လံမီးရှို့ဖျက်ဆီးနေတာကြောင့် အခုလို တိုက်ပွဲဖော်ဆောင်ရတာလို့ မင်းကင်း(MKPDF)တပ်ရင်း  ၂ ရဲ့ တပ်ရင်းမှူးက ပြောပါတယ်။

ဒေသခံ PDF ပူးပေါင်းအဖွဲ့ တိုက်ခိုက်ခဲ့တဲ့ စစ်ကောင်စီတပ်နဲ့ ပျူစောထီးပူးပေါင်းအဖွဲ့ဟာ မင်းကင်းမြို့နယ် တောင်လက်ဒေသ ကူလဲကျေးရွာမှာ တပ်စွဲနေထိုင်တဲ့အဖွဲ့ဖြစ်ပြီး တိုက်ခိုက်မှုကြောင့် စစ်ကောင်စီအဖွဲ့ဘက်က ထိခိုက်မှုရှိပေမယ့် အရေအတွက် အတိအကျမသိရသေးသလို PDF ပူးပေါင်းအဖွဲ့ဘက်ကတော့ အထိအခိုက်မရှိခဲ့ဘူးလို့လည်း ဆိုပါတယ်။

စစ်ကောင်စီတပ်နဲ့ပျူးစောထီးအဖွဲ့ကို မင်းကင်း (MKPDF)တပ်ရင်း ၂၊ တပ်ခွဲ ၂၊ တပ်ခွဲ ၃၊ ကနီမြို့နယ် ဆယ်ရွာချောင်ဒေသမှ KPDF-2 အဖွဲ့နဲ့ တောင်လက်ဒေသခံ (ပကဖ)ပူးပေါင်းတို့က ပူးပေါင်းတိုက်ခိုက်ခဲ့တာလို့ သိရပါတယ်။

https://burmese.dvb.no/archives/522294

----------------------------------------------------------------------------------------------------

## မိုးကုတ်မြို့က စစ်ကောင်စီတပ်စခန်း တိုက်ခိုက်ခံရ

Published By DVB | 15 March, 2022




မန္တလေးတိုင်း၊ မိုးကုတ်မြို့မှာ မတ် ၁၅ ရက်ဒီနေ့ မနက်ပိုင်း ၁၀ နာရီဝန်းကျင်လောက်က အနောက်ပိုင်း ကျပ်ပြင်ရဲစခန်း လက်နက်ငယ်နဲ့ ပစ်ခတ်တိုက်ခံရတာကြောင့် စစ်ကောင်စီတပ်သားတွေ ထိခိုက်သေဆုံးမှုရှိတယ်လို့ ဒေသခံတွေက ပြောပါတယ်။

"စခန်းထဲအရင်ပစ်ခံရတယ်၊ စခန်းထဲကနေလည်း ပြန်ပစ်တယ်။ သေနတ်ပစ်သံ ၁၀ ချက်ကျော်လောက်ကြားရတယ်။ အပြန်အလှန်ပစ်ကြတယ်။ ခဏကြာတော့ လူနာတင်ကား ဝင်သွားတာလည်း တွေ့တယ်" လို့ အနီးအနားနေ ဒေသခံတဦးက ပြောပါတယ်။

မိုးကုတ်မြို့ အနောက်ပိုင်းကျပ်ပြင်ရဲစခန်း ပစ်ခတ်ခံရပြီးနောက် စစ်ကောင်စီတပ်သားတွေ ထိခိုက်သေဆုံးမှုရှိနိုင်တယ်လို့ ဒေသခံတွေက ပြောပေမဲ့ အတည်ပြုနိုင်ခြင်းတော့ မရှိသေးပါဘူး။

"အရင်ရက်တွေကလည်း မြို့ထဲမှာ ပစ်သံတွေကြားရတယ်၊ ဘယ်ဘက်ကပစ်တာလဲဆိုတာတော့ မသိရဘူး။ ဒီမနက်က စခန်းထဲ ပစ်ခံလိုက်ရတာ" လို့ ဒေသခံတဦးက ပြောပါတယ်။

မိုးကုတ်မြို့အနောက်ပိုင်းက Denko ဓာတ်ဆီဆိုင်မှာလည်း မတ် ၁၅ ရက်မနက်က ဗုံးပေါက်ကွဲခဲ့တယ်လို့ ဆိုပါတယ်။

Denko ဓာတ်ဆီဆိုင်က အိမ်သာခန်းထဲမှာ ဗုံးပေါက်ကွဲခဲ့တာဖြစ်ပြီး အိမ်သာခန်းပျက်စီးသွားခဲ့တယ်လို့ သိရပါတယ်။

https://burmese.dvb.no/archives/522257

----------------------------------------------------------------------------------------------------

## နောင်ချိုမြို့နယ် တိုက်ပွဲ ၂ရက်ဆက်တိုက်ဖြစ်၊ စစ်ကောင်စီတပ် အများအပြားသေဆုံး

By SHAN - March 15, 2022

သျှမ်းပြည်မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် စစ်ကောင်စီတပ်ဖွဲ့နှင့် အမှတ် (၅၀၉) တပ်ရင်း ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့တို့ ၂ရက်ဆက်တိုက် တိုက်ပွဲဖြစ်ပွားပြီး စစ်ကောင်စီဘက်မှ အများအပြား သေဆုံးခဲ့ကြောင်း စုံစမ်း သိရသည်။



အဆိုပါ တိုက်ပွဲသည် စစ်ကောင်စီ တပ်ဖွဲ့ နှင့် (NUG)၏ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် အမှတ် (၅၀၉)တပ်ရင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ တို့ ဖြစ်ပွားခဲ့သည်။

ပြီးခဲ့သည့် မတ်လ ၁၃ ရက်နေ့ နောင်ချိုမြို့နယ် ခဲမွန်ကျေးရွာအနီးတွင် ရှိသည့် Mytel (မိုင်တဲ) တာဝါတိုင်ကို အမှတ် (၅၀၉) တပ်ရင်းမှ ဖောက်ခွဲဖျက်စီးမှု ပြုလုပ်ပြီးနောက် စစ်ကောင်စီတို့က ထိုးစစ်ဆင်လာရာ ထိတွေ့တိုက်ပွဲများမှ တိုက်ပွဲပြင်းထန်သွားကြောင်း သိရသည်။

ထိုတိုက်ပွဲသည် မတ် ၁၃ ရက်နှင့် ၁၄ ရက်တွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး၊ စစ်ကောင်စီဘက်မှ စစ်ကြောင်းမှူး အပါအဝင် အယောက် (၅၀) ဝန်းကျင် သေဆုံးကြောင်းလည်း အမှတ် (၅၀၉)တပ်ရင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ဝင် တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

"ကျနော်တို့ နောင်ချိုမြို့မှာရှိတဲ့ ဖုန်းတွေကို အသံဖမ်း ခိုးနားထောင်တဲ့တိုင်ကို ပထမဆုံး ဖောက်ခွဲခဲ့ပါတယ်။ အဲ့နောက်မှာ ကျနော်တို့ဘက်ကို လက်နက်ကြီးတွေနဲ့ ဆက်တိုက်ပစ်ပြီး တက်လာပါတယ်။ ကျနော်တို့ဘက်က မိုင်းဆွဲတာတွေရယ် အပြန်အလှန် ပစ်ခတ်တာရယ်ကြောင့် စစ်ကောင်စီဘက်က (၅၀)နီးပါး ကျဆုံးခဲ့ပါတယ်" ဟု ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ဝင် တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ထို့အပြင် မတ် ၁၄ ရက်တွင် စစ်ကောင်စီဘက်မှ လေယာဉ် (၂)စီး လာရောက်ပြီး ဗုံးကြဲခဲ့ကြောင်း သိရသည်။

"အဲ့ မတ် ၁၃ ရက်နေ့တည်းမှာ ပစ်ခတ်သံတွေ ပေါက်ကွဲသံတွေ သုံးခါလောက်ကြားနေရတယ်၊ နေ့ခင်းပိုင်း ၂ နာရီ လောက်ကနေစပြီးတော့ လေယာဉ်ပျံအသံတွေ စကြားလာရတာ၊ စစ်ကောင်စီတွေဘက်က လေယာဉ်နဲ့ သုံးပြီး PDF တွေကို လိုက်တိုက်တယ်လို့ ယူဆပါတယ်" ဟု နောင်ချိုမြို့မှ ဒေသခံ အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

အဆိုပါ တိုက်ပွဲတွင် ပြည်သူ့ကာကွယ်ရေးတပ်မတော်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ် (၅၀၉) တပ်ရင်းမှ PDF ရဲဘော်များ ထိခိုက်ကျဆုံးခြင်းမရှိကြောင်း သိရသည်။

တိုက်ပွဲအတွင်း စစ်ကောင်စီဘက်မှ အများအပြားသေဆုံးသဖြင့် ရဟတ်ယာဉ် (၂)စီး အကူအညီခေါ်ကာ ရဟတ်ယာဉ်ပေါ်မှ ဗုံးသီးအလုံး (၃၀)ခန့် ကြဲချခြင်း စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

https://burmese.shannews.org/archives/27359

-------------------------------------------------------------------------------------------------------

## မိုင်းကိုင်မြို့နယ် မြေမြုပ်မိုင်းဒဏ် မိသားစု(၃)ဦး ထိခိုက် တစ်ဦးသေ

By SHAN - March 15, 2022

သျှမ်းပြည်တောင်ပိုင်း မိုင်းကိုင်မြို့နယ် ပြာဆိုင်ကျေးရွာတွင် မိသားစုလိုက် မြေမြုပ်မိုင်းနင်းမိပြီး အမျိုးသား သေဆုံးသွားကာ အမျိုးသမီးနှင့် ကလေး ဆေးကုသရန် ခက်ခဲနေကြောင်း စုံစမ်းသိရသည်။





ဖြစ်စဉ်မှာ မတ်လ ၁၂ ရက်တွင် မိုင်းကိုင်မြို့နယ် ပြာဆိုင်ကျေးရွာတွင် နေထိုင်သည့် မိသားစု (၃)ဦးသည် ကုန်းပေါင်းကျေးရွာသို့ လမ်းလျှောက်သွားရာ မြေမြုပ်မိုင်းနင်းမိသဖြင့် အမျိုးသားဖြစ်သူက သေဆုံးသွားပြီး၊ အမျိုးသမီး နှင့် ၃ နှစ် အရွယ် ကလေးတို့ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။

မြေမြုပ်မိုင်းနင်းမိသည့် နေရာသည် မိုင်းကိုင်မြို့နယ် ပန်ကေတု ကျေးရွာနှင့် ပန္နင်းကျေးရွာကြား လူသွားလမ်းတွင် ဖြစ်ပွားခဲ့သည်။ ထိုနေရာသည် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ မကြာခဏ တိုက်ပွဲဖြစ်ပွားသည့်နေရာဖြစ်သည်။

"ပန်ကေတု နဲ့ ပန္နင်းကြားမှာ နင်းမိတယ်။ မိုင်းနင်းမိတော့ အမျိုးသားက သေဆုံးသွားတယ်။ ကျန်နေတဲ့ အမျိုးသမီးနဲ့ ကလေးကတော့ ဒဏ်ရာရရှိခဲ့တယ်။ အခုတော့ သူတို့ကို ဆေးရုံပို့ထားပေးလိုက်တယ်။ ဆေးကုဖို့က ခက်ခဲနေတယ်" ဟု မိုင်းကိုင်မြို့နယ်အတွင်း ပရဟိတ လုပ်နေသည့် အမျိုးသား တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

မြေမြုပ်မိုင်းကြောင့် အမျိုးသမီးသည် ဝမ်းဗိုက်နား ဒဏ်ရာရရှိခဲ့ပြီး ကလေးတွင် ခြေတလုံးဒဏ်ရာ ရရှိခဲ့ကြောင်း၊ လက်ရှိမှာ လွိုင်လင်ဆေးရုံတွင် ဆေးကုသနေကြပြီး ဆေးဖိုးအတွက် အခက်အခဲဖြစ်နေကြောင်း သွားရောက်ကူညီပေးသည့် ပရဟိတ အဖွဲ့ဝင် အမျိုးသားက ပြောသည်။

" သူတို့ (၃)ယောက်လုံးက မိသားစုတွေဖြစ်တယ်။ အမျိုးသားက ဆုံးသွားတယ်။ ကလေးအမေက ဝမ်းဗိုက်နား ဒဏ်ရာရတယ်။ သူတို့ သားက ခြေတလုံးနား ဒဏ်ရာရထားတယ်။ မိုင်းကိုင်ဆေးရုံက မနိုင်တော့ အခု လွိုင်လင်ဆေးရုံ ပို့လိုက်ရတယ် " ဟု ကူညီပေးနေသည့် အမျိုးသားက ဆိုသည်။

ယခုနှစ်အတွင်း မိုင်းကိုင်မြို့နယ်တွင် မိုင်းနင်းမိသူ စုစုပေါင်း (၅)ဦး ရှိနေပြီး သေဆုံးသွားသူ (၂)ဦး ရှိနေကြောင်း ဒေသခံများ သတင်းပေးချက်အရ သိရသည်။

https://burmese.shannews.org/archives/27363

---------------------------------------------------------------------------------------------------------

## ထားဝယ်-ထီးခီးလမ်း တိုက်ပွဲတွင် စစ်ကောင်စီ ဒုတပ်ရင်းမှူး အပါအဝင် ၅ ဦးသေဆုံး၊ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

By ကိုရွှေမြိတ် |15 March 2022



မြန်မာ-ထိုင်း နယ်စပ်လမ်း ဖြစ်သည့် ထားဝယ်-ထီးခီး လမ်းပိုင်း KNU တပ်မဟာ (၄) နယ်မြေတွင် မတ်လ ၁၃ ရက် နံနက်ပိုင်းက တိုက်ပွဲ ဖြစ်ပွားရာ စစ်ကောင်စီတပ် ဒုတပ်ရင်းမှူး တစ်ဦး အပါအဝင် ငါးဦး သေဆုံးခဲ့ပြီး လက်နက် ခဲယမ်း အချို့ သိမ်းဆည်း ရမိခဲ့ကြောင်း ဒေသ အခြေစိုက် ကာကွယ်ရေး တပ်ဖွဲ့ထံမှ သိရသည်။

စစ်ကောင်စီ၏ ကလိန်အောင် အခြေစိုက် ခ.လ.ရ (၂၆၇) တပ်သည် အရပ် ကားနှစ်စီးဖြင့် မတ်လ ၁၃ ရက် နံနက် ၁၁ နာရီတွင် ထားဝယ်ခရိုင် မေတ္တာမြို့နယ် ဆင်ဖြူတိုင် အနီး ဝါကလားကျေးရွာမှ ဘောဘီ နယ်စပ်သို့ တက်လာစဉ် ဒေသ အခြေစိုက် ကရင် တော်လှန်ရေး အဖွဲ့(ကော်လာဖိုး အဖွဲ့) နှင့် တိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း Kwe Ka Lu News တွင် ဖော်ပြသည်။

တိုက်ပွဲကြောင့် အနည်းဆုံး အရပ်သား နှစ်ဦး သေဆုံးခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ယင်း တိုက်ပွဲတွင် စစ်ကောင်စီတပ်၏ ၆ဝ မမ တစ်လက်နှင့် ကျည် တစ်လုံး၊ ၂ ဒသမ ၈ ထူးအိမ် တစ်လက်၊ အာပီဂျီ တစ်လက်နှင့် ကျည်နှစ်လုံး၊ 16 AK 4 လေးလက်၊ ဘော်ကာ တစ်လက်၊ ပစ္စတို တစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ ၁၄ မိုင်း တစ်လုံး၊ လက်နက်ငယ် အချို့နှင့် ကျည်များ အပါအဝင် ငွေကျပ် ၂၉၅ဝဝဝ တို့ကို သိမ်းဆည်း ရမိခဲ့ကြောင်း Kaw Thoo Lei Independent လူမှုကွန်ရက်တွင် ဖော်ပြသည်။

https://www.mizzimaburmese.com/article/101938

---------------------------------------------------------------------------------------------------------

## ဖမ်းမိသည့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၄ ဦးကို စစ်သုံ့ပန်းဥပဒေနှင့်အညီ ထိန်းသိမ်းထားဟု KNLA ပြော

မတ်လ ၁၅ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ



Photo: KNLA

ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်(မြဝတီမြို့နယ်)၊ မောခီးတွင် ပြီးခဲ့သည့် မတ်လ ၁၃ ရက်နေ့က ဈေးဝယ် ထွက်လာသည့် စစ်ကောင်စီတပ်ဖွဲ့ဝင် ဗိုလ်ကြီး တစ်ဦးအပါအဝင် ၄ ဦးကို ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်-KNLA က ဖမ်းဆီးရမိပြီး

၎င်းဖမ်းမိစစ်သည်များကို စစ်သုံ့ပန်း ဥပဒေနှင့်အညီ ထိန်းသိမ်းထားကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ သိရသည်။

မောခီးစခန်းမှ ကျေးရွာထဲသို့ ဈေးဝယ်ထွက်လာသည့် ဒေသအခြေစိုက်တပ်ရင်း နှစ်ခုဖြစ်သည့် ခြေမြန်တပ်ရင်း (ခမရ-၅၅၅) နှင့် ခြေလျင်တပ်ရင်း (ခလရ-၃၂) မှစခန်းမှူး ၊ ဒုစစ်ကြောင်းမှူး နှစ်ဦးအပါအဝင် ၎င်းတို့ကို လုံခြုံရေး လိုက်ပါ ရယူပေးသည့် တပ်သားနှစ်ဦးကို KNLA တပ်ရင်း ၂၀၁ နှင့် ပူးပေါင်းတပ်ဖွဲ့က ဖမ်းဆီးရမိခြင်းဖြစ်ပြီး ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း KNLA တပ်ရင်း ၂၀၁ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး စောဘူးဖောက ယခုလိုပြောသည်။

၎င်းက "အခုက လုံခြုံတဲ့ နေရာမှာ သူတို့ကို ထိန်းသိမ်းထားပါတယ်။ ကျနော်တို့မှာရှိတဲ့ စစ်သုံ့ပန်း ဥပဒေ အတိုင်း သူတို့ကို ဆက်ဆံပါတယ်။ ပြီးတော့ အထက်ကိုတော့ တင်ပြထားတယ်။ သူတို့ကို ဘယ်လို ဆက်လုပ် မလဲဆိုတာတော့ ခေါင်းဆောင်တွေရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲဖြစ်မှာပါ။" ဟု ကေအိုင်စီ သို့ ပြောသည်။

အဆိုပါ ဖမ်းဆီးရမိသူများမှာ မော်ခီးအခြေစိုက် စစ်ကောင်စီ ခြေမြန်တပ်ရင်း( ခမရ-၅၅၅) မှ ဒုစစ်ကြောင်း မှူးဖြစ်သူ ဗေယျာမင်းနှင့် ၎င်း၏ ကိုယ်ရံတော်အဖြစ်လိုက်ပါလာသူ ဒုတပ်ကြပ်ချစ်သူ၊ ခြေလျင်တပ်ရင်း(ခလရ-၃၂) မှ စခန်းမှူး ဗိုလ်ကြီးတစ်ဦးနှင့် ၎င်း၏ ကိုယ်ရံတော် တပ်သားတစ်ဦးဖြစ်ပြီး သူတို့နှင့်လိုက်ပါလာသည့် ဒေသခံနှစ်ဦးကိုပါ ထိန်းသိမ်းထားကြောင်းလည်း သိရသည်။

အဆိုပါ ဝေါ်လေ၊ မော်ခီးဒေသများသည် ကရင်အမျိုးသားအစည်းအရုံး-KNU တပ်မဟာ (၆) နယ်မြေနှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်-DKBA ထိန်းချုပ်နယ်မြေအတွင်း တည်ရှိနေပြီး လတ်တလောတွင် စစ်ကောင်စီနှင့် နှစ်ဖက်တိုက်ပွဲများ ဆက်တိုက် ဖြစ်ပွားနေကာ စစ်ကောင်စီဘက်မှ စစ်ရဟတ်ယာဉ်အသုံးပြု၍ လာရောက်ပစ်ခတ်မှုများလည်း ပြုလုပ်ခဲ့သေးသည်။

ပြီးခဲ့သည့် မတ်လ ၁၁ ရက်နေ့ကလည်း KNU တပ်မဟာ (၅) နယ်မြေဘက်တွင် စစ်ကောင်စီ စစ်ကြောင်း တိုက်ခိုက်ခံရကာ တပ်ခွဲမှူးအဆင့်အပါအဝင် ၂၇ ဦး အရှင်ဖမ်းဆီးရမိပြီး လက်နက်ခဲယမ်း အမြောက်အများ သိမ်းဆည်းရမိကြောင်း KNU ဘက်က ထုတ်ပြန်ထားသေးသည်။

https://kicnews.org/2022/03/ဖမ်းမိသည့်-စစ်ကောင်စီတပ/

----------------------------------------------------------------------------------------------------

## ကော့ကရိတ် ခလရ ၉၇ တပ်တွင်း ဆုပူမှုအပြီး စစ်တပ်မိသားစုဝင်အချို့အား ဖမ်းဆီးထိန်းသိမ်းထား

မတ်လ ၁၅ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ



Photo: CJ

ကော့ကရိတ် ခြေလျင်တပ်ရင်း ခလရ-၉၇ အတွင်း စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကစ-၁၂) အရာရှိကြီးများနှင့် တိုက်ပွဲတွင်းသေဆုံး/ဖမ်းဆီးခံရသည့် စစ်သည် မိသားစုများနှင့် စကားအခြေ အတင်ဖြစ်ပြီးနောက် စစ်တပ်မိသားစုဝင် အချို့အား ဖမ်းဆီးထိန်းသိမ်းထားကြောင်း ကော့ကရိတ် ဒေသခံများပြောစကားအရ သိရသည်။

ကော့ကရိတ် ခြေလျင်တပ်ရင်း ၉၇ အတွင်း စကစ၁၂ အရာရှိကြီးများနှင့် တိုက်ပွဲတွင်းသေဆုံး/ ဖမ်းဆီး ခံရသည့် စစ်သည် မိသားစုများနှင့် စကားအခြေအတင်ဖြစ်ပွားသဖြင့် စစ်တပ်မိသားစုဝင် အချို့အား ဖမ်းဆီးထိန်းသိမ်းထားကာ သတင်းမပေါက်ကြားစေရန် ဖိနှိပ်စောင့်ကြည့်ခံထားရပြီး တပ်တွင်းနောက်ချန်လုံခြုံရေးစစ်သည်ရဲ့မေများ၏ လက်နက်များအား ပြန်လည်သိမ်းဆည်းလိုက်သည်ဟု တပ်ရင်းနှင့်နီးစပ်သည့် ကော့ကရိတ်ဒေသခံတစ်ဦးက ယခုလို ပြောသည်။

“စကစ ၁၂ က အရာရှိတွေ လာတယ်။ တပ်တွင်းမိသားစုတွေနဲ့တွေ့တယ် ။ စစ်သည်မိသားစုတွေနဲ့ တစ်ယောက်စကားများကြတယ်၊ သူတို့ စစ်သားသေဆုံးမှု တွေကို သေဆုံးတယ်၊ အဖမ်းခံရတယ်မပြောဘဲ ပျောက်ဆုံးစစ်သည် ပုံစံမျိုးနဲ့ လာပြောတော့ လက်မခံကြဘဲ ပြန်ပြောရာက လိုင်းခန်းထဲ ဆူပူသလို ဖြစ်ပြီး စစ်သည်မိသားစုအချို့ ဖမ်းဆီးထိန်းသိမ်းခံရတယ် ကြားတယ်။ နောက်တော့ တပ်ရင်းနောက်ချန် လုံခြုံရေးအင်အားဖြည့် တပ်စိတ်အတွက် ထုတ်ပေးထားတဲ့ လက်နက်တွေ ပြန်သိမ်းသွားတယ်။ တပ်မှာက ဆေးနားနဲ့ မသန်စွမ်းစစ်သည်တွေပဲ ကျန်တော့တဲ့ အခြေအနေပဲရှိတော့တယ်။”ဟု ၎င်းက ကေအိုင်စီသို့ ပြောသည်။




ထို့အပြင် အမြောက်ကုန်း လက်နက်ကြီးအဖွဲ့ကိုလည်း မြို့ပြင်လိုင်ဝ ဂျပန်ကုန်းဘက်သို့ ရွှေ့လိုက်သလို လက်ရှိတွင် တပ်ထဲမှ မိသားစုဝင်များကိုလည်း အပြင်ပေး မထွက်တော့ကြောင်းလည်း ၎င်းတပ်ရင်းနှင့် နီးစပ်သူ ကော့ကရိတ်ဒေသခံက ဆက်ပြောသည်။

အဆိုပါ ကော့ကရိတ် အခြေစိုက် ခလရ ၉၇ တပ်ရင်းမှာ ပြီးခဲ့သည့် မတ်လ ၁၁ ရက်က KNU မူတြော်(ဖာပွန်)ခရိုင် တပ်မဟာ ၅ နယ်မြေ၊ မယ်ဝေ(မဲဝိုင်)ဒေသဘက်တွင် ဖြစ်ပွားသည့် တိုက်ပွဲအတွင်း ၃ ဦးသေဆုံးကာ ၂၇ နှစ်ဦး ဖမ်းဆီးခံရသည်ဟု KNU မူတြော်ခရိုင်ဘက်က သတင်းထုတ်ပြန်ထားသည်။

ယမန်နေ့ မတ်လ ၁၄ရက်ညတွင်လည်း ၉၇ တပ်ရင်းအနောက်ဘက် ဂေါက်ကွင်း ဘက်အခြမ်း လက်နက်ကြီးလက်နက်ငယ်များ ပစ်ခတ်သံများကြားနေရသလို ယနေ့ မတ်လ ၁၅ ရက်၊ ညနေ ၃နာရီခန့်မှ စတင်၍ ၎င်းလက်နက်ကြီးပစ်ခတ်သည့် နေရာအသစ် ဂျပန်ကုန်းနေရာမှ ကော့ကရိတ် ကမိုင်ကုန်း၊ ရွာသစ်ဘက်နှင့် တောင်ကြာအင်းရွာဘက်သို့ လက် နက်ကြီးများဖြင့် ပစ်ခတ်နေကြောင်းလည်း ကော့ကရိတ်မြို့ခံများက ပြောသည်။

https://kicnews.org/2022/03/ကော့ကရိတ်-ခလရ-၉၇-တပ်တွင်/

-----------------------------------------------------------------------------------------------------

## ကော့ကရိတ်မြို့နယ်တွင် တိုက်ပွဲဆက်ဖြစ်

By မဇ္ဈိမ | 15 March 2022



ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၌ နယ်မြေခံ KNLA တပ်နှင့် အာဏာသိမ်း စစ်ကောင်စီတပ်တို့အကြား စစ်ရေး တင်းမာနေခဲ့ရာ ယနေ့ မတ်လ ၁၅ နံနက်ပိုင်းတွင် ကော့နွဲ့ကျေးရွာအနီး တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း KNU သတင်းရင်းမြစ်က မဇ္ဈိမကို ပြောသည်။

ကော့ကရိတ်မြို့နယ်တွင် ယမန်နေ့ မတ်လ ၁၄ ရက်နေ့ ညပိုင်းက တိုက်ပွဲများ ဖြစ်ပွားပြီးနောက် ယနေ့ တိုက်ပွဲများ ထပ်မံ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

“ကော့ကရိတ်၊ ကော့နွဲ့ဘက်မှာ ဖြစ်နေတယ်။ မနေ့ညကနေ ဒီနေ့မနက် အထိပဲ။ ထိခိုက်မှု အခြေအနေတွေ ကတော့ မသိသေးဘူး” ဟု KNU တပ်ဟာမ (၆) သတင်းရင်းမြစ်က ပြောသည်။

တိုက်ပွဲအတွင်း ကော့ကရိတ်မြို့ရှိ စစ်ကောင်စီ (၉၇) အမြောက်တပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ ကြောင်း၊ ယခင် တိုက်ပွဲများ ကတည်းက စစ်ဘေးရှောင် နေကြရပြီး လက်ရှိအချိန်ထိ နေရပ် မပြန်နိုင် သေးကြောင်း အနီးတစ်ဝိုက်နေ ဒေသခံများက ဆိုသည်။

ကော့ကရိတ်မြို့နယ်အတွင်း တိုက်ပွဲများကြောင့် စစ်ဘေးရှောင် ဦးရေ ၃၀၀၀၀ ဝန်းကျင်ရှိကြောင်း KNU က ထုတ်ပြန် ထားသည်။

လေးကေ့ကော်မြို့သစ်တွင် တပ်စွဲထားသော စစ်ကောင်စီတပ်များ သုံးရက် အတွင်း တပ်ဆုတ် ထွက်ခွာရန် KNU တပ်မဟာ (၆) က မတ်လ ၇ ရက်နေ့တွင် သတိပေးစာ ပေးပို့ခဲ့ပြီးနောက် စစ်ရေးတင်းမာကာ တိုက်ပွဲများ ဖြစ်ပွားနေခြင်း ဖြစ်သည်။

မြဝတီ- ကော့ကရိတ် အာရှလမ်း တောနော် ရေတံခွန် အနီးတွင် ရွှေစင်စကြာ်ခရီးသည်တင် မှန်လုံ Express ယာဉ်တစ်စီးနှင့် ကော့နွဲ့ တံတားအနီးတွင် ကုန်တင်ယာဉ် တစ်စီးတို့ မတ်လ ၁၂ ရက်နေ့ နံနက် ၈ နာရီခန့်က ပစ်ခတ် မီးရှို့ခံခဲ့ရပြီး ကုန်တင် ယာဉ်မောင်း သေဆုံးခဲ့သည်။

အာရှလမ်းတွင် အင်အား ၁၀၀ ဝန်းကျင်ခန့်ရှိ စစ်ကောင်စီ စစ်ကြောင်း လမ်းလျှောက် ချီတက်လာပြီးနောက် ယင်းယာဉ်နှစ်စီး ပစ်ခတ်မီးရှို့ ခံလိုက်ရခြင်း ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

လက်ရှိ ကော့ကရိတ်မြို့နယ်တွင် နှစ်ဖက်တပ်များ အကြား စစ်ရေး တင်းမာနေဆဲ ဖြစ်ပြီး တိုက်ပွဲများ ဆက်လက် ပြင်းထန်လာနိုင်သည်ဟု စစ်ရေး လေ့လာသူများက ခန့်မှန်းထားသည်။

https://www.mizzimaburmese.com/article/101917

-----------------------------------------------------------------------------------------------

## စစ်ကောင်စီတပ်၏အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုကြောင့် ကျဆုံးပြည်သူပေါင်း ၁၆၇၀ ကျော်ရှိလာ

Published By DVB | 15 March, 2022




မြန်မာနိုင်ငံမှာ မတရားအာဏာသိမ်း ၁ နှစ်ကျော်ကာလ စစ်ကောင်စီတပ်တွေ အကြမ်း ဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၁၆၇၂ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၂၆၅၄ ယောက်ထိရှိခဲ့တယ်လို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့် ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ် ၁၄ ရက်အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ်ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၉၆၂၅ ယောက် လက်ရှိချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၈၄၂ ယောက်ကတော့ ထောင်ဒဏ်ချမှတ်ခံထားရပါတယ်။

ပြစ်ဒဏ်ကျခံရသူတွေထဲက အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက်အပါအဝင် ၄၅ ယောက်ကတော့ သေဒဏ်ချမှတ်ခံထားရတယ်လို့ ဆိုပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတာကြောင့် တိမ်းရှောင်နေသူ ၁၉၇၃ ယောက်ထဲက မျက်ကွယ် သေဒဏ်ချမှတ်ခြင်းခံထားရသူ ၃၉ ယောက်အပါအဝင် ၁၁၈ ယောက်ကတော့ မျက်ကွယ် ပြစ်ဒဏ်ချခံထားရပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၈၄ ယောက် ရှိပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီကျော်လောက်က စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ စိမ်းစားကျေးရွာကို အကြမ်းဖက်စစ်အုပ်စုတပ်တွေက သေနတ်တွေ ပစ်ဖောက်ကာ ဝင်ရောက်စီးနင်းခဲ့ပြီး အသက် ၁၅ နှစ်အရွယ် မသဲဦးဖြူကို ပစ်သတ်သွားခဲ့ကြောင်း သိရှိရပါတယ်။ မသဲဦးဖြူဟာ ရင်ဘတ်နဲ့ ပေါင်ကို

ကျည်ထိမှန်ကာ နေရာတင် ကျဆုံးသွားခဲ့တာ ဖြစ်ပါတယ်။ ဒ့ါအပြင် စစ်သားတွေဟာ ကျေး ရွာထဲက နေအိမ်တချို့ကို မီးရှို့တာကြောင့် မသန်စွမ်းလို့ ထွက်ပြေးနိုင်ခြင်းမရှိတဲ့ အဘွားအို တယောက်လည်း မီးလောင်သေဆုံးသွားခဲ့တယ်လို့ ဆိုပါတယ်။

ပျူစောထီးအဖွဲ့က ဖမ်းဆီးသွားခဲ့တဲ့ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ဒီးဒုတ်ကျေးရွာမှာ နေထိုင်တဲ့ ကိုစိုးပိုင်ဟာ ဖမ်းဆီးခံရပြီး နာရီပိုင်းအကြာ ကိုယ်ခန္ဓာအနံ့ဒဏ်ရာတွေနဲ့ ကျဆုံးသွားခဲ့ကြောင်း သိရှိရပါ တယ်။ မတ် ၈ ရက်ည ၇ နာရီခွဲလောက်က ကိုစိုးပိုင်ကို ပျူစောထီးအဖွဲ့က ဖမ်းဆီးသွားခဲ့ပြီး ည ၉ နာရီခွဲလောက်မှာ နေအိမ်ကို ပြန်လည် ပို့ဆောင်ခဲ့ပေမယ့် ဒဏ်ရာတွေကြောင့် ကျဆုံးသွားခဲ့တာလို့ သိရှိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူ တွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေစတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန် ရေးကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကိုသိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒ့ါအပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီးအချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/522152

---------------------------------------------------------------------------------------------------------

## ဦးမြင့်ဆွေအတွက် လမ်းနှစ်သွယ်

15 March 2022

၂၀၂၁ ဖေဖော်ရီလ ၁ ရက်နေ့ တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများ ကျင်းပတော့မည့် အချိန်တွင် တပ်မတော်က အရေးပေါ် အခြေအနေကြေညာပြီး အာဏာသိမ်းခဲ့သည်။

ဤသို့ဖြင့် ဆယ်နှစ်ကြာ မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးခရီးစဉ်လည်း နိဂုံးချုပ်ခဲ့ရသည်။

တပ်မတော်အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲ သွေးထွက်သံယိုမှုများအတွက် ပြည်သူများနှင့် နိုင်ငံတကာက အာဏာသိမ်း စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို အပြစ်တင်ကြသည်။ ဝေဖန်ရှုတ်ချကြသည်။ ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုများလည်း လုပ်ခဲ့သည်။ လက်နက်ကိုင် တိုက်ပွဲအပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဆန့်ကျင်ခဲ့ကြသည်။

သို့သော် ပြည်သူများကရော၊ နိုင်ငံတကာကပါ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အာဏာသိမ်းပွဲတွင် အဓိက ဇာတ်ဆောင်တဦးဖြစ်သည့် ယာယီသမ္မတ ဦးမြင့်ဆွေ၏ အခန်းကဏ္ဍကို မေ့နေပုံရသည်။

*ပြည်သူများကရော၊ နိုင်ငံတကာကပါ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အာဏာသိမ်းပွဲတွင် အဓိက ဇာတ်ဆောင်တဦးဖြစ်သည့် ယာယီသမ္မတ ဦးမြင့်ဆွေ၏ အခန်းကဏ္ဍကို မေ့နေပုံရသည်။*

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရကို လူကြိုက်နည်းနေပြီ ဖြစ်သောကြောင့် ၂၀၂၀ ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးနှင့် အပေါင်းအပါ ပါတီတို့က ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်နှစ်ရပ်ပေါင်း ၂၆ ရာခိုင်နှုန်းနိုင်ပြီး တပ်မတော် ၂၅ ရာခိုင်နှုန်းနှင့်ပေါင်းကာ သူ သမ္မတလုပ်မည်ဟု အိပ်မက်မက်နေသူ ဖြစ်သည်။

၂၀၂၀ ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးနှင့် အပေါင်းအပါ ပါတီများ မရှုမလှ အရေးနိမ့်သွားသည့်အခါ မဲမသမာမှုများရှိသည်ဆိုသည့် စွပ်စွဲချက်ဖြင့် NLD ၏ ရွေးကောက်ပွဲအနိုင်ရလဒ်ကို ပယ်ဖျက်ပြီး သူအာဏာယူနိုင်ဖို့ ကြိုးစားတော့သည်။



အာဏာသိမ်းပွဲတွင် အဓိက ဇာတ်ဆောင်တဦးဖြစ်သည့် ယာယီသမ္မတ ဦးမြင့်ဆွေ၏ အခန်းကဏ္ဍကို မေ့နေကြသည်

သို့သော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှာ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ချုပ်ကြီးစောမောင်တို့ကဲ့သို့ အရပ်သား အစိုးရ အုပ်ချုပ်နိုင်စွမ်းမရှိသဖြင့် အာဏာသိမ်းသည်ဟု ပြောရဲ၊ လုပ်ရဲသည့် သတ္တိရှိသူမဟုတ်ပေ။ ၂၀၀၈ အခြေခံဥပဒေကို အကာအကွယ်ယူပြီး အာဏာယူလိုသူသာဖြစ်သည်။ ပုဂံက ထီးလိုမင်းလို ဘုရားကို ထီးတင်ခဲ့သည်ကို ကြည့်ပါက သူ့စိတ်ကူးအိပ်မက်ကို မြင်နိုင်သည်။

ထို့ကြောင့် ပြည်ခိုင်ဖြိုးပါတီက ဦးစီးပြီး ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြပွဲများ ပြုလုပ်ခိုင်းသည်။ ထို ချောက်ချီးချောက်ချက် ဆန္ဒပြပွဲများကို အကြောင်းပြပြီး ဒေါ်အောင်ဆန်းစုကြည် လိုက်လျောနိုင်ခြင်းမရှိသည့် တောင်းဆိုချက်များကို တောင်းဆိုသည်။ နောက်ဆုံး လွှတ်တော်ကျင်းပတော့မည့် အချိန်တွင် နိုင်ငံတော် အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့် ရယူရန် ကြိုးပမ်းအားထုတ်မှုများ ရှိနေသည်ဟု အကြောင်းပြပြီး အခြေခံဥပဒေပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ကြေညာကာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အာဏာလွှဲယူဖို့ လုပ်သည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံရေးလှည့်ကွက်တွင် အားနည်းချက်တခုသာ ရှိသည်။ အရေးပေါ်အခြေအနေ ကြေညာခွင့်အာဏာမှာ နိုင်ငံတော်သမ္မတ ထံတွင်သာ ရှိသည်။ ပုဒ်မ ၄၁၇ အရ နိုင်ငံတော်သမ္မတက ကာလုံနှင့် တိုင်ပင်ပြီးနောက် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေ ကြေညာ၊ တပ်ချုပ်ကို အာဏာလွှဲပေးရမည်ဖြစ်သည်။

*ဓားပြက အိမ်ရှင်ကို ရိုက်ပြီး မီးခံသေတ္တာသော့ကို ယူသည့်အဖြစ်နှင့် အတူတူပင်ဖြစ်ရာ ဆင်ခြင်တုံတရားရှိသည့် သူမှန်သမျှ လက်ခံနိုင်ဖွယ်မရှိသည့် လုပ်ရပ်ဖြစ်သည်။*

ထို့ကြောင့် ဒီချုပ်သမ္မတ ဦးဝင်းမြင့်ကို အရေးပေါ်အခြေအနေကြေညာပေးရန် ဖိအားပေးသည်။ ဦးဝင်းမြင့်က လက်မခံသည့်အခါ ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်နေ့ မနက်တွင် သမ္မတကို ဖမ်းဆီးထိန်းသိမ်းပြီး ဒုသမ္မတ (၁) ဦးမြင့်ဆွေက ယာယီသမ္မတ အဖြစ် အရေးပေါ် အခြေအနေကို ကြေညာကာ တပ်ချုပ်ကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများ လွှဲအပ်ပေးလိုက်သည်။

အခြေခံဥပဒေပုဒ်မ ၇၃ (က) တွင် နိုင်ငံတော်သမ္မတ နုတ်ထွက်လျှင်၊ ကွယ်လွန်လျှင်၊ ထာဝစဉ် မစွမ်းဆောင်နိုင်လျှင် သို့မဟုတ် တစုံတခုသော အကြောင်းကြောင့် နိုင်ငံတော်သမ္မတရာထူး လစ်လပ်လျှင် ဒုတိယသမ္မတ ၁ က ယာယီသမ္မတ တာဝန်ထမ်းဆောင်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ဤနေရာတွင် တပ်မတော်ဘက်က သမ္မတဦးဝင်းမြင့်ကို ဖမ်းဆီးထိန်းသိမ်းလိုက်သည့်အတွက် (တစုံတခုသော အကြောင်းကြောင့်) ဆိုသည့် အချက်နှင့်အညီ သမ္မတနေရာ လစ်လပ်သွားပြီဟု အနက်ဖွင့်ဆိုလိုပုံရသည်။ ထိုအကြောင်းပြချက်မှာ ဓားပြက အိမ်ရှင်ကို ရိုက်ပြီး မီးခံသေတ္တာသော့ကို ယူသည့်အဖြစ်နှင့် အတူတူပင်ဖြစ်ရာ ဆင်ခြင်တုံတရားရှိသူမှန်သမျှ လက်ခံနိုင်ဖွယ်မရှိသည့် လုပ်ရပ်ဖြစ်သည်။

သို့သော် ဦးမြင့်ဆွေက ယုတ္တိမရှိ၊ ကြောင်းကျိုးခိုင်လုံမှု လုံးဝမရှိသည့် တပ်မတော်ဘက်က အကြောင်းပြချက်ကို လက်ခံကာ ယာယီသမ္မတအဖြစ် တာဝန်ယူ၍ အရေးပေါ်အခြေအနေ ကြေညာသည့် အမိန့်ကို ထုတ်ပြန်ပေးကာ တပ်ချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို အာဏာ သုံးရပ်လွှဲအပ်ပေးခဲ့သည်။ အကယ်၍ ဦးမြင့်ဆွေကသာ အရေးပေါ်အခြေအနေ ကြေညာသည့်အမိန့် ထုတ်ပြန်ရန် ငြင်းဆန်ခဲ့လျှင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အခြေခံဥပဒေကို နားလှည့်ပါးရိုက်သည့် နိုင်ငံရေးကစားကွက်ကို အကောင်အထည်ဖော်နိုင်မည် မဟုတ်ပေ။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သူ့အလုပ်ကို လုပ်ပေးခဲ့သည့် ယာယီသမ္မတ ဦးမြင့်ဆွေကို ဆက်ဆံခဲ့ပုံမှာ ဦးမြင့်ဆွေ ရင်ကျိုးဖွယ်ရာပင်။

ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ကြေညာခြင်းသည် သမ္မတနှင့် လွှတ်တော်ကိုယ်စား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကို အာဏာသုံးရပ်ကျင့်သုံးရန် တာဝန်ပေးခြင်း ဖြစ်သည်။ အဆိုပါ တာဝန် ထမ်းဆောင်မှု

အခြေအနေကို သမ္မတ ဦးဆောင်သည့် ကာလုံကို ပြန်လည်အစီအရင်ခံရန် တာဝန်ရှိသည့်အပြင်၊ ပြည်ထောင်စု လွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက ပြည်ထောင်စုလွှတ်တော်ကို အစီရင်ခံရမည်ဖြစ်သည်။ ထို့အပြင် အခြေခံဥပဒေကို ဖျက်သိမ်းခြင်း မရှိသေးသည့်အတွက် ပုဒ်မ ၂ အရ နိုင်ငံတော်သမ္မတသည် နိုင်ငံသားအားလုံး၏ အထွတ်အထိပ် နေရာတွင်ရှိသူဖြစ်သည်။ တနည်းအားဖြင့် နိုင်ငံတော်အကြီးအကဲဖြစ်သည်။

သို့သော် ၂၀၂၁ ဖေဖော်ဝါရီလ ၂ ရက်နေ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး ကျင်းပချိန်တွင် တပ်ချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စားပွဲထိပ်တွင်ထိုင်ပြီး နိုင်ငံတော် အကြီးအကဲဖြစ်သူ ယာယီသမ္မတ ဦးမြင့်ဆွေက ဘေးတွင် ထိုင်နေရသည်ကို နိုင်ငံပိုင်သတင်းစာများတွင် မြင်တွေ့ခဲ့ကြရသည်။ ထိုနောက်ပိုင်းတွင် နိုင်ငံတော်ယာယီသမ္မတ ဦးမြင့်ဆွေကို ထပ်မံမြင်တွေ့ရခြင်းမရှိတော့ပေ။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး ကျင်းပ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဖွင့်အမှာစကားပြောကြား

၂၀၂၁ ဖေဖော်ဝါရီလ ၂ ရက်နေ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး ကျင်းပချိန်တွင် တပ်ချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စားပွဲထိပ်တွင်ထိုင်ပြီး နိုင်ငံတော် အကြီးအကဲဖြစ်သူ ယာယီသမ္မတ ဦးမြင့်ဆွေက ဘေးတွင် ထိုင်နေရသည်

နိုင်ငံတော် အကြီးအကဲ သမ္မတက တာဝန်ယူဆောင်ရွက်ရသည့် လွှတ်လပ်ရေးနေ့ အခမ်းအနား၊ ပြည်ထောင်စုနေ့ အခမ်းအနားများ၊ ညစာစားပွဲများကို ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဦးစီး ကျင်းပခဲ့သည့်အပြင် ပြည်ထောင်စုနေ့ အခမ်းအနားဆိုပါက နိုင်ငံစီးပွားရေး မွဲပြာကျနေသည့် ကြားမှ ဘဏ္ဍာငွေ သန်းပေါင်းများစွာ အကုန်အကျခံပြီး ဗိုလ်ရှုခံလိုက်သေးသည်။ ထို့အပြင် နိုင်ငံပိုင် မီဒီယာများကလည်း ဗ်ိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို နိုင်ငံတော် အကြီးအကဲဆိုသည့် စကားလုံးဖြင့် ဂုဏ်ပြုနေသည်ကို တွေ့ရသည်။

***နိုင်ငံပိုင် မီဒီယာများ ကလည်း ဗ်ိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို နိုင်ငံတော် အကြီးအကဲဆိုသည့် စကားလုံးဖြင့် ဂုဏ်ပြုနေသည်ကို တွေ့ရသည်။***

ဥပဒေအရ ပြောရလျှင် နိုင်ငံတော်အကြီးအကဲသည် ယာယီသမ္မတ ဦးမြင့်ဆွေသာဖြစ်ပြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှာ အရေးပေါ်အခြေအနေအရ တာဝန်ပေးထားသည့် အစိုးရအဖွဲ့အကြီးအကဲ အဆင့်သာဖြစ်သည်။

ဦးမြင့်ဆွေကို နောက်တကြိမ် ပြန်လည်မြင်တွေ့ရသည့် အချိန်ကမူ အရေးပေါ်အခြေအနေ တနှစ်သက်တမ်း ကုန်ဆုံးသဖြင့် နောက်ထပ်ခြောက်လ သက်တမ်းတိုးမြှင့်ရန်အတွက် ကာလုံ အစည်းအဝေး ပြုလုပ်ချိန်တွင်ဖြစ်သည်။ ကာလုံအစည်းအဝေးကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ် တက်ရောက်ခဲ့သော်လည်း ဒုသမ္မတ ၂ ဖြစ်သည့် ဦးဗန်ထီးယူမှာမူ ကျန်းမာရေး အကြောင်းပြပြီး တက်ရောက်ခြင်းမပြုခဲ့ပေ။ ဤအစည်းအဝေးတွင်လည်း ဦးမြင့်ဆွေက တပ်ချုပ်၏ အရေးပေါ်အခြေအနေ ခြောက်လသက်တမ်းတိုးရန် တင်ပြခြင်းကို လက်ခံပြီး အမိန့်ထုတ်ပြန်ပေးခဲ့သည်။

အထက်ပါ အခြေအနေအားလုံးကို သုံးသပ်လိုက်ပါက ယာယီသမ္မတ ဦးမြင့်ဆွေသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း ဖြစ်ပေါ်ခဲ့သည့် သေဆုံးမှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ တာဝန်ရှိသည်ဆိုသည့် အချက်မှာ ထင်ရှားနေပြီဖြစ်သည်။

သို့သော် ဦးမြင့်ဆွေအနေဖြင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ သမိုင်းတရားခံအဖြစ် နိဂုံးချုပ်ခံရမည့် အဖြစ်မှ ရုန်းထွက်မည်ဆိုလျှင် ရုန်းထွက်နိုင်သည့် အခွင့်အရေးနှစ်ခုတော့ ရှိသေးသည်။ အဆိုပါ အခွင့်အရေးများကို အသုံးချမည်ဆိုပါက ဦးမြင့်ဆွေအနေဖြင့် အခြေခံဥပဒေက နိုင်ငံတော်သမ္မတကို ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ရဲရဲဝံ့ဝံ့ ကျင့်သုံးဖို့တော့ လိုမည်ဖြစ်သည်။

ပထမ အခွင့်အရေးမှာ အရေးပေါ်အခြေအနေကို နောက်ထပ်သက်တမ်း ခြောက်လတိုးရန် တင်ပြမည့် ၂၀၂၂ ဩဂုတ်လတွင် ဖြစ်သည်။ အခြေခံဥပဒေ ၄၂၅ တွင် "အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုလွှတ်တော် သက်တမ်း ကုန်ဆုံးသွားချိန်တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျှက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လ နှစ်ကြိမ် တိုးမြှင့် ပေးနိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။

***ဤအစည်းအဝေးတွင်လည်း ဦးမြင့်ဆွေက တပ်ချုပ်၏ အရေးပေါ်အခြေအနေ ခြောက်လသက်တမ်းတိုးရန် တင်ပြခြင်းကို လက်ခံပြီး အမိန့်ထုတ်ပြန်ပေးခဲ့သည်။***

ထိုပြဋ္ဌာန်းချက်တွင် အရေးကြီးသည့် ပထမအချက်မှာ ခြောက်လနှစ်ကြိမ် တိုးမြှင့်ပေးနိုင်သည်ဆို့သည့် စကားရပ်ဖြစ်သည်။ "နိုင်သည်" ဆို့သည့် စကားလုံးကို သုံးစွဲထားသည့်အတွက် တပ်ချုပ်တောင်းတိုင်း ခွင့်ပြုရန်မလို ဆိုသည်မှာ ထင်ရှားနေသည်။ ထို့အပြင် အခြေခံဥပဒေပါ ကာလုံနှင့်ပတ်သက်သည့် ပြဋ္ဌာန်းချက်များတွင် ကာလုံအစည်းအဝေးတွင် မဲခွဲဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိသည့်အတွက် သမ္မတ၏ ဆုံးဖြတ်ချက်သာလျှင် အတည်ဖြစ်သည်။ ထို့ကြောင့် ဦးမြင့်ဆွေအနေဖြင့် တပ်ချုပ်နှင့် ကာလုံအဖွဲ့ဝင်များက မည်ကဲ့သို့ထောက်ခံတင်ပြသည်ဖြစ်စေ ၎င်းအနေဖြင့် အရေးပေါ်အခြေအနေကို သက်တမ်းတိုးပေးရန် လက်မခံကြောင်း ဆုံးဖြတ်ခွင့်ရှိသည်။

အကယ်၍ ယာယီသမ္မတ ဦးမြင့်ဆွေကသာ အရေးပေါ်အခြေအနေ သက်တမ်းတိုးပေးရန် ငြင်းဆန်ခဲ့လျှင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံရေးအကျပ်အတည်းနှင့် ကြုံရတော့မည်ဖြစ်သည်။ လက်ရှိအချိန်တွင် လူထုနှင့် နိုင်ငံတကာက လက်မခံသည့်တိုင် စစ်သားများနှင့် စစ်သားမိသားစုများ၊ မရှိမဲ့ရှိမဲ့ ပြည်ခိုင်ဖြိုးထောက်ခံသူများကို ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "အရေးပေါ် အခြေအနေကြေညာပြီး အာဏာယူထားခြင်းမှာ အခြေခံဥပဒေနှင့် အညီဖြစ်သည်" ဆိုသည့် အကြောင်းပြချက်ဖြင့် စည်းရုံး နေရခြင်းဖြစ်ရာ ဦးမြင့်ဆွေ၏ ထောက်ခံမှုကို ဆုံးရှုံးခြင်းသည် ၎င်း၏အရှိက်ကို အထိုးခံရသကဲ့သို့ ဖြစ်မည်မှာ အသေအချာပင်ဖြစ်သည်။

**ဦးမြင့်ဆွေအနေဖြင့် အခြေခံဥပဒေက နိုင်ငံတော်သမ္မတကို ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ရဲရဲဝံ့ဝံ့ ကျင့်သုံးဖို့တော့ လိုမည်ဖြစ်သည်။**

ဒုတိယအခွင့်အရေးမှာ အရေးပေါ်အခြေအနေကို ဒုတိယအကြိမ်ခြောက်လ သက်တမ်းတိုးပြီး နောက်ခြောက်လ ပြည့်မြောက်သည့် ၂၀၂၃ ဇန်နဝါရီလ ၃၁ ရက်နေ့တွင်ဖြစ်သည်။ အခြေခံဥပဒေအရ အရေးပေါ်အခြေအနေကို မူလသက်တမ်း တနှစ်၊ နောက်ထပ်ခြောက်လ သက်တမ်းတိုး နှစ်ကြိမ်သာခွင့်ပြုသည့်အတွက် သက်တမ်း ၂ နှစ် ပြည့်လျှင် အရေးပေါ် အခြေအနေ သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ထိုသို့ သက်တမ်း ကုန်ဆုံးသည်နှင့် ပုဒ်မ ၄၂၉ အရ ခြောက်လအတွင်း အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးရမည်ဖြစ်သည်။

အထက်ပါ အခွင့်အရေးနှစ်ခုအနက် မည်သည့် နည်းလမ်းကို အသုံးပြုသည် ဖြစ်စေ အခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ အရေးပေါ်အခြေအနေ ပြီးဆုံးပြီး လွှတ်တော်များပြန်လည် ဖွဲ့စည်းခြင်းမပြုနိုင်မီတွင် ကာလုံက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

ထိုသို့ ကျင့်သုံးရာတွင် ဥပဒေပြုရေးအာဏာကို ကိုယ်တိုင်ကျင့်သုံးပြီး အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအတွက် သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းတာဝန်ပေးရမည်ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်ကို နားလည်လွယ်အောင်ပြောရလျှင် အရေးပေါ်အခြေအနေ ပြီးဆုံးပါက ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှာ နစက ဥက္ကဋ္ဌ၊ အိမ်စောင့်အစိုးရဝန်ကြီးချုပ်လုပ်ကာ အုပ်ချုပ်၍ မရတော့၊ ယာယီသမ္မတ ဦးမြင့်ဆွေခေါင်းဆောင်သည့် ကာလုံက ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းရမည်၊ ရွေးကောက်ပွဲ ကော်မရှင်ကဲ့သို့သော အဖွဲ့အစည်းများ ပြန်ဖွဲ့ရမည် ဖြစ်သည်။

*အရေးပေါ်အခြေအနေ ပြီးဆုံးပြီး လွှတ်တော်များပြန်လည် ဖွဲ့စည်းခြင်းမပြုနိုင်မီတွင် ကာလုံက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။*

ထို့ကြောင့် ဦးမြင့်ဆွေအနေဖြင့် သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာကို အပြည့်အဝအသုံးချပြီး အမျိုးသား ရင်ကြားစေ့ရေးကို ဖော်ဆောင်နိုင်မည့် ဒီချုပ်အပါအဝင် ပါတီပေါင်းစုံ ညွန့်ပေါင်း အစိုးရဖွဲ့၍ရသည်။ ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတစွာ ကျင်းပပေးမည့် ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်း၍လည်း ရသည်။ PR စနစ်ကို ပယ်ဖျက်ခွင့် ရှိသည်။

ဤနည်းလမ်းက ၂၀၀၈ အခြေခံဥပဒေကို ပြင်ဆင်သည်အထိ မလုပ်နိုင်သော်လည်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြည်ခိုင်ဖြိုးပါတီ အာဏာမယူနိုင်စေရန်၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမ္မတမဖြစ်ရန်မှ တားဆီးနိုင်မည်။ ညွန့်ပေါင်းအစိုးရက ကျင်းပသည့် ရွေးကောက်ပွဲတွင် ဒီချုပ်နှင့် တိုင်းရင်းသားပါတီ ကြီးများသာ ဝင်ပြိုင်ခဲ့လျှင် တပ် ၂၅ ရာခိုင်နှုန်း အပေါင်း ပြည်ခိုင်ဖြိုး ၂၆ ရာခိုင်နှုန်းဆိုသည့် ဖော်မြူလာ အကောင်အထည် ဖော်နိုင်မည်မဟုတ်ပေ။

*ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဏာမရလျှင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအကျပ်အတည်းများကို ဖြေရှင်းရန် လမ်းစများ ပေါ်လာမည်ဖြစ်သည်။*

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဏာမရလျှင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအကျပ်အတည်းများကို ဖြေရှင်းရန် လမ်းစများ ပေါ်လာမည်ဖြစ်သည်။

အထက်ပါ နည်းလမ်းနှစ်ခု အောင်မြင်ရန်မှု မသေချာလှ။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘက်ကလည်း သမ္မတဖြစ်ရေး၊ အာဏာရရေးအတွက် နည်းလမ်းမျိုးစုံသုံးမှာ သေချာသည်။ သို့သော် ဦးမြင့်ဆွေကဲ့သို့သော တပ်မတော်တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သူ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လူယုံတော်ဟု အများက သတ်မှတ်ထားသူ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယ သမ္မတ တာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့သည့် စစ်သားဟောင်းကြီး၏ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လုပ်ရပ်များအပေါ် တုန့်ပြန်ဆောင်ရွက်ပုံက စစ်ဗိုလ်၊ စစ်သားများ မျက်လုံးပွင့်လာစေရေး၊ အခြေအနေများအပေါ် ဆင်ခြင်သုံးသပ်နိုင်ရေးအတွက် လှုပ်နှိုးလိုက်သကဲ့သို့ ဖြစ်သွားမည်မှာ သေချာသည်။

ထိုအချက်သည်ပင် မြန်မာ့နိုင်ငံရေးအတွက် အလှည့်အပြောင်း ဖြစ်သွားနိုင်သည်။ ဦးမြင့်ဆွေရှေ့တွင် လမ်းနှစ်သွယ်ရှိနေပြီဖြစ်သည်။ ပထမလမ်းကြောင်းက ရုပ်သေးသမ္မတအဖြစ် နေပြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ သမိုင်းတရားခံဖြစ်မည့် လမ်းဖြစ်သည်။ ဒုတိယ နည်းလမ်းက အခြေခံဥပဒေပါ သမ္မတ၏ လုပ်ပိုင်ခွင့်များကို အသုံးပြုပြီး နိုင်ငံရေးထွက်ပေါက် တခုကို ရှာဖွေပေးခြင်း ဖြစ်သည်။

ဦးမြင့်ဆွေ ဘယ်လမ်းရွေးမလဲ ဆုံးဖြတ်ဖို့ လိုပါပြီ။

*(ခင်ထွန်းသည် မြန်မာပြည်တွင်းအခြေစိုက် နိုင်ငံရေးသုတေသီတဦး ဖြစ်သည်။)*

https://burma.irrawaddy.com/opinion/viewpoint/2022/03/15/250595.html

---------------------------------------------------------------------------------------------------------

## မြန်မာစစ်တပ်ကို ချက်ချင်းအရေးယူဖို့ ကုလမဟာမင်းကြီးတောင်းဆို

2022.03.15

မြန်မာစစ်တပ်အပေါ် ပြတ်ပြတ်သားသား အရေးယူမှုတွေ ချက်ချင်းချမှတ်ဖို့ နိုင်ငံတကာ အသိုင်းအဝိုင်းကို ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Michelle Bachelet က မတ်လ ၁၅ ရက် ဒီကနေ့ တိုက်တွန်းလိုက်ပါတယ်။



ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Michelle Bachelet
Photo - reuters

မြန်မာစစ်တပ်ဟာ စစ်ရာဇဝတ်မှု ဒါမှမဟုတ် လူသားမျိုးနွယ်စုတွေအပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုလို့ ခေါ်ဆိုနိုင်တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ အကြမ်းဖက်မှုတွေကို စနစ်တကျကျယ်ကျယ်ပြန့်ပြန့် တိုးလုပ်လာနေတာကြောင့် ဒါတွေကို နိုင်ငံတကာအသိုင်းအဝိုင်းက ရပ်တန့်သွားအောင် လုပ်ဖို့လိုတယ်လို့ သူက ဆိုပါတယ်။

၄၉ ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဒီကနေ့ ထုတ်ပြန်တဲ့ အစီရင်ခံစာမှာလည်း ... မြန်မာစစ်တပ်ဟာ ဦးခေါင်းကို တည့်တည့်ပစ်ခတ်သတ်ဖြတ်တာ၊ မီးရှို့သတ်ဖြတ်တာ၊ မတရားညှဉ်းပန်းနှိပ်စက်ဖမ်းဆီးတာ၊ လူသားဒိုင်းအဖြစ်အသုံးချတာ၊ လက်နက်ကြီး လက်နက်ငယ်တွေ သုံးပြီး အရပ်သားတွေကို လေကြောင်းကနေ ပုံးကြဲတိုက်ခိုက်တာတွေဟာ လူ့အသက်တွေကိုလျစ်လျူရှုပြီး ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်နေတာလို့ ဆိုပါတယ်။

မြန်မာ့ အကျပ်အတည်းကို ဖြေရှင်းဖို့ နိုင်ငံတကာအသိုင်းအဝိုင်းက ရတဲ့နည်းနဲ့ လုပ်ဖို့လိုသလို လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်နေတဲ့သူတွေကိုလည်း ဥပဒေတွေနဲ့အညီ အရေးယူဖို့ကိုလည်း လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးက တောင်းဆိုပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် တစ်နှစ်ပတ်လုံးမှာ အကြမ်းဖက်နှိပ်စက်ခံခဲ့ရပေမယ့် မြန်မာပြည်သူတွေဟာ လက်မလျှော့ဘဲ သူတို့မျှော်မှန်းတဲ့ ဒီမိုကရေစီပန်းတိုင်ရောက်ရေးကို ဆက်လက်စွဲကိုင်ကြိုးစားနေကြဆဲဖြစ်တယ်လို့လည်း ချီးကျူးထားပါတယ်။

စစ်ကောင်စီတပ်ဖွဲ့ဝင်တွေကြောင့် အနည်းဆုံး လူပေါင်း ၁၆၀၀ လောက်သေဆုံးခဲ့ရပြီး လူပေါင်း ၁၂၅၀၀ ကျော် ဖမ်းဆီးခံခဲ့ရတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် တိုက်ပွဲတွေကြောင့် အနည်းဆုံး လူပေါင်း ၄၄၀၀၀၀ လောက် နေရပ်စွန့်ခွာ ထွက်ပြေးကြရပြီး၊ လူပေါင်း ၁၄ သန်းလောက်ဟာလည်း လူသားချင်းစာနာမှု အကူအညီတွေ လိုနေပေမယ့် စစ်ကောင်စီက အကူအညီအထောက်အပံ့မပေးနိုင်အောင် လမ်းကြောင်းပိတ်ဆို့တာတွေလည်း ရှိနေတယ်လို့ ဆိုပါတယ်။

စစ်ရာဇဝတ်မှု၊ ဒါမှမဟုတ် လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုလို့ ပြောလို့ရလောက်တဲ့အထိ စစ်တပ်ဟာ လူ့အခွင့်အရေး ကျူးလွန်မှုတွေရှိခဲ့တယ်လို့လည်း အစီရင်ခံစာမှာ ကောက်ချက်ချထားပါတယ်။

စစ်ကိုင်းတိုင်းနဲ့ ကယားပြည်နယ်ထဲမှာ မီးရှို့သတ်ဖြတ်ခံရတဲ့ ဖြစ်စဉ်တွေကိုလည်း အထောက်အထားအဖြစ် ပြောဆိုထားပါတယ်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဒုက္ခသည်တွေ၊ မျက်မြင်သက်သေတွေ၊ တက်ကြွလှုပ်ရှားတွေ အယောက် ၁၁၅ ယောက်ကျော်ကို မေးမြန်းချက်တွေ၊ ဂြိုလ်တုဓာတ်ပုံတွေ၊ သတင်းဌာနတွေရဲ့ ဖော်ပြချက်တွေ၊ ယုံကြည်ရတဲ့ သတင်းရင်းမြစ်တွေကို ကိုးကားပြီး အစီရင်ခံစာ ထုတ်ပြန်တာလို့ ပြောဆိုထားပါတယ်။

https://www.rfa.org/burmese/news/un-report-urges-immediate-concerted-effort-international-community-to-junta-03152022093924.html

---------------------------------------------------------------------------------------------------